ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/ ၀၁၁ / ၂၀၂၁

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၂၄-၅-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ MOEE-၁/၂(လုံခြုံရေး-၂)(၅၅၆၄)/၂၀၂၁

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၃၁-၅-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ပဆ-(၂)/ရက(DMA)NOTOM (၅/၂၂၀)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-3) တွင် Controlled Source Electromagnetic (CSEM) Survey လုပ်ငန်းများကို Survey Vessel: M/V ATLANTIC GUARDIAN (Call Sign:LAEU6) ဖြင့် (၂၂.၆.၂၀၂၁) ရက်နေ့မှ (၂၀.၈.၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ Controlled Source Electromagnetic (CSEM) Survey လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 32′ 13.13″ N | 91° 56 ′ 08.42″ E |
| B | 19° 54′ 30.67″ N | 92° 24 ′ 22.63″ E |
| C | 19° 05′ 05.79″ N | 93° 13 ′ 36.37″ E |
| D | 18° 41′ 41.37″ N | 93° 02 ′ 38.75″ E |

၃။ သို့ဖြစ်ပါ၍ (၂၂.၆.၂၀၂၁) ရက်နေ့မှ (၂၀.၈.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ Suvey တိုင်းတာမည့်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)